# ကိတကျူးရှူးကျွန်းရှိ ကူမာမိုတိုခရိုင်အနီးတွင် ငလျင်ထပ်မံ လှုပ်ခတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေငြာခြင်း

၁။ ကိတကျူးရှူးကျွန်းရှိ ကူမာမိုတိုခရိုင်တွင် ယနေ့ ၁၆-၄-၂၀၁၆ ရက် (စနေနေ့)၊ နံနက် ၁း၂၅ အချိန်တွင် ပြင်းအား ၇.၃ မဂ္ဂနီကျူရှိသော ငလျင်နှင့် နောက်ဆက်တွဲငလျင်များ ထပ်မံလှုပ် ခတ်ခဲ့ပါသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ မြန်မာသံရုံးမှ ဆက်သွယ်မေးမြန်း ချက်အရ ကျူးရှူးတက္ကသိုလ်၊ ဆာဂါတက္ကသိုလ်များတွင် ပညာသင် ကြားနေသော ကျောင်း သား များနှင့် မြန်မာအသိုင်းအဝိုင်းတို့မှာ ဘေးကင်းလုံခြုံမှုရှိကြောင်း သိရှိရပါသည်။

၂။ ကူမာမိုတိုတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ကျောင်းသူ များနှင့် မိသားစုဝင်များ မှာ လက်ရှိတွင်တက္ကသိုလ်မှစီစဉ်ပေးသော ကယ်ဆယ်ရေး စခန်းများ တွင် ခေတ္တနေထိုင်လျက်ရှိပါသည်။ ကူမာမိုတို ခရိုင်မှာ ငလျင်ဗဟိုချက် ကျရောက်ရာနေ ရာဖြစ် သည့် အတွက် ကူမာမိုတိုတက္ကသိုလ်တွင် ပညာသင်ကြားနေ သည့် မြန်မာကျောင်းသူ / ကျောင်းသား များအား ပိုမိုဘေးလွတ်ရာဒေသများသို့ ယနေ့ နေ့လယ်ပိုင်းတွင် ရွှေ့ပြောင်း ပို့ဆောင်နိုင်ရေးအတွက် မြန်မာသံရုံးမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းထား ရှိပြီးဖြစ်ပါသည်။

၃။ မြန်မာသံရုံးအနေဖြင့် ဂျပန်အစိုးရ၏သက်ဆိုင်ရာကယ်ဆယ်ရေးစခန်းများ၊ တာဝန်ရှိသူ များနှင့် တိုက်ရိုက် ဆက်သွယ်ခြင်း၊ ကျောင်းသူ/ကျောင်းသားများအား တိုက်ရိုက်ဆက် သွယ်ခြင်း၊ ၎င်းတို့မှတစ်ဆင့် နီးစပ်ရာ မြန်မာ အသိုင်းအဝိုင်း၏ ဘေးကင်းလုံခြုံမှုရှိ/မရှိ အခြေအနေအား စုံစမ်းခြင်းနှင့် လိုအပ်သည့်အကူအညီများကို အချိန်နှင့် တစ်ပြေး ညီ ပေးအပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။